“သင်တို့အနက် အကောင်းဆုံးသောသူများသည် ငါကိုယ်တော်၏ခေတ်ကာလ(၌ရှိသောသူများ)ဖြစ်၏။ ထို့နောက်သူတို့နောက်တွင်ရှိသောသူများ(သာဗီအီးန်များ)၊

ထို့နောက်

သူတို့နောက်တွင်ရှိသောသူများ(သဗအ်သာဗီအီးန်များဖြစ်၏)

အင်မ်ရားန် ဗင်န် ဟိုဆွိုင်းန်(ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်- တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က မိန့်ကြားတော်မူသည်- “သင်တို့အနက်အကောင်းဆုံးသောသူများသည် ငါကိုယ်တော်၏ ခေတ်ကာလ(၌ရှိသောသူများ)ဖြစ်၏။ ထို့နောက်သူတို့နောက်တွင်ရှိသောသူများ(သာဗီအီးန်များ)၊ ထို့နောက်သူတို့နောက်တွင်ရှိသောသူများ(သဗအ်သာဗီအီးန်များ ဖြစ်၏)။” အင်မ်ရားန် (ရဿွိယလ္လာဟုအန်ဟုမာ)က “တမန်တော်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည်နှစ်ခုမြောက်သောခေတ်ကာလ(သို့မဟုတ်) သုံးခုမြောက်သော ခေတ်ကာလအထိ
ဖော်ပြခဲ့သလားဆိုသည်ကို ကျွန်ုပ် မမှတ်မိတော့ပါ”ဟု ဆိုသည်။ ထို့နောက်
တမန်တော်မြတ် (ဆွလ္လာဟုအလိုင်ဟိဝစလ္လမ်) က မိန့်ကြားတော်မူသည်- “အမှန်စင်စစ်သင်တို့ပြီးနောက် လူတစ်စု ပေါ်ပေါက်လာလိမ့်မည်။ သူတို့သည်
သစ္စာဖောက်ကြလိမ့်မည်။ ယုံကြည်ကိုးစားခြင်း ခံကြရမည်မဟုတ်ပေ။
သက်သေခံခိုင်းခြင်းမခံရဘဲ အလိုအလျောက် သက်သေခံကြလိမ့်မည်။ နဇရ်ကိုးကြသော်လည်း
ထိုနဇရ်ကိုးခြင်းအား ဖြည့်ဆည်းကြမည် မဟုတ်ပေ။ ထို့ပြင် ထိုသူတို့တွင်
ဝဖြိုးခြင်း ထင်ရှားလာလိမ့်မည်” ဟု မိန့်ကြားတော်မူခဲ့သည်။
[صحيح] [متفق عليه]

တမန်တော်(ဆွလ္လာဟုအလိုင်ဟိဝစလ္လမ်) က ခေတ်ကာလတစ်ခုတွင် စုစည်းနေထိုင်သောလူအုပ်စုများအနက် အကောင်းဆုံးသောအုပ်စုမှာ တမန်တော်(ဆွလ္လာဟုအလိုင်ဟိဝစလ္လမ်)နှင့်သူ၏ တပည့်သာဝကများ(စွဟာဗဟ်များ) ရှိသည့် လူအုပ်စုဖြစ်ကြောင်း၊ ထို့နောက်သူတို့နောက်တွင် ရှိသော တမန်တော်(ဆွလ္လာဟုအလိုင်ဟိဝစလ္လမ်)ကိုတွေ့ဆုံခဲ့ခြင်းမရှိဘဲ စွဟာဗဟ်သာဝကများကိုသာ တွေ့ဆုံခဲ့ကြသောမုအ်မင်န်များ(သာဗီအီးန်များ)၊ ထို့နောက် သူတို့နောက်တွင် ရှိသောနောက်လိုက်များ(သဗအ်သာဗီအီးန်များ)ဖြစ်သည်ဟု မိန့်ကြားတော်မူခဲ့သည်။ စွဟာဗဟ်ကြီး (အင်မ်ရားန်ဗင်ဟုဆွိုင်းန်) သည် စတုတ္ထမြောက် အုပ်စုကို ဖော်ပြရာတွင်ဝေခွဲမရဖြစ်ခဲ့လေသည်။ ထို့နောက် တမန်တော်မြတ်(ဆွလ္လာဟုအလိုင်ဟိဝစလ္လမ်)က ယင်း (အကောင်းဆုံးအုပ်စုများ) ပြီးနောက် သစ္စာဖောက်ကြမည့်၊ လူများက သူတို့ကိုယုံကြည်ကိုးစားခြင်း မပြုကြမည့်၊ သက်သေခံခိုင်းခြင်း မခံရမီကပင် သက်သေခံကြမည့်၊နဇရ်ကိုးကြသော်လည်း ထိုနဇရ်ကိုးခြင်းအား ဖြည့်ဆည်းခြင်း မပြုကြမည့်၊စားသောက်မှုတွင် ကျယ်ပြန့်ခြင်း ဖြစ်ပေါ်လာကာ အဝလွန်ခြင်း ပျံ့နှံ့လာမည့် လူများ

ပေါ်ပေါက်လာလိမ့်မည်ဟုမိန့်ကြားတော်မူခဲ့သည်။

https://sunnah.global/hadeeth/my/show/66370

